University of Yangon Research Journal 2022, Vol. 11, No.2

# စုလျားရစ်ပတ် ဘိသိက်မင်္ဂလာအခမ်းအနားမှ အခမ်းအနားမှူး ပြောစကားနှင့် ပြောဆိုပုံလေ့လာချက်

**ယွန်းခင်ခင်ဦး***

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စုလျားရစ်ပတ်ဘိသိက် မင်္ဂလာအခမ်းအနားမှ အခမ်းအနားမှူးပြောစကားနှင့် ပြောဆိုပုံကို လူမှုဘာသာဗေဒပညာရပ်ဖြင့် လေ့လာထားသော စာတမ်းဖြစ်သည်။ အခမ်းအနား အစမှအဆုံးတိုင် ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အခမ်းအနားမှူးသည် အခမ်းအနား အမျိုးအစား၊ လူမှုအခြေအနေနှင့် လူမှုအဆင့်အတန်းပေါ်မူတည်၍ ပုံစံကျမှုအဆင့်ခွဲကာ ပြောဆိုရမည် ဖြစ်ကြောင်းကို စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနားမှ အခမ်းအနားမှူးပြောစကားနှင့် ပြောဆိုပုံကို သာဓကပြ၍ လေ့လာတင်ပြထားသည်။ အပြောပုံစံအမျိုးမျိုးရှိသည့်အနက် ထူးခြားသော အပြောပုံစံတစ်မျိုးဖြစ်သည့် အခမ်းအနားမှူးပြောစကားနှင့် ပြောဆိုပုံကို သိရှိနားလည်စေရန် ရည်ရွယ်ပါသည်။

**သော့ချက်စကားလုံးများ–** ပုံစံကျမှုအတိုင်းအတာ၊ ပုံစံတကျဖြစ်ရခြင်း၊ လွတ်လပ်မှုရှိခြင်း၊ လေယူလေသိမ်း၊ လူမှု အခြေအနေ၊ ကိုယ်ဟန်အမူအရာ

## နိဒါန်း

လူတို့သည် စကားပြောဆိုရာတွင် အခြေအနေအချိန်အခါပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြောဆိုကြသည်။ ထို့အတူအခမ်းအနားမှူးသည်လည်း လူမှုအလွှာ (social class) အမျိုးမျိုးမှဖြစ်သော ကြားနာသူများရှေ့တွင် စကားပြောရခြင်းဖြစ်သည့်အတွက် အခမ်းအနား အမျိုးအစားအပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြောဆိုလုပ်ဆောင်ရန် အလွန်အရေးကြီးသည်။

အခမ်းအနားမှူး၏ ပြောစကားနှင့် ပြောဆိုပုံကို လေ့လာဆန်းစစ်ရန် အခမ်းအနားအမျိုးမျိုးရှိသည့်အနက် မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ပြုလုပ်သော အခမ်းအနားဖြစ်သည့် စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနားကို အလေ့လာခံအဖြစ် ရွေးချယ်ခဲ့ပါသည်။ သုတေသနနည်းနာအဖြစ် အခမ်းအနားမှူး ဦးဘိုမြင့်သန်းကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည့်အတွက် အစီအစဉ် ချထားသော တွေ့ဆုံမေးမြန်းခြင်း (planned interview)နှင့် မင်္ဂလာပွဲမှတ်တမ်းတင်ဗီဒီယိုကိုလည်း ကြည့်ရှုနားထောင်ကာ အခမ်းအနားမှူးပြောစကားများကို ကိုယ်တိုင်ပြန်လည်ကူးရေးခဲ့သည့်အတွက် ရှိပြီးအချက်အလက်အပေါ် အခြေပြုလေ့လာခြင်း (use of available data) တို့ကို အသုံးပြုခဲ့ပါသည်။

## ၁။ လူမှုဘာသာဗေဒ၏ စကားပြောလေ့လာမှု

စကားပြောဆိုရာတွင် ပြောဆိုမှုအခြေအနေနှစ်ရပ်ရှိပါသည်။ ပုံစံတကျဖြစ်ရခြင်း (formal) နှင့် လွတ်လပ်မှုရှိခြင်း (casual or informal) တို့ဖြစ်ပါသည်။ ထိုအခြေအနေနှစ်ရပ်ပေါ် မူတည်၍ ပုံစံတကျပြောဆိုခြင်းနှင့် အလွတ်သဘောပြောဆိုခြင်း ဟူ၍ကွဲပြားလာသည်။ ပုံစံတကျပြောဆိုခြင်းသည် စကားပြောရာတွင်ရှိနေသည့် အချိန်အခါ၊ နေရာဒေသ၊ နားထောင်မည့်သူစသည့် အခြေအနေတစ်စုံတစ်ရာ၊ အကန့်အသက်တစ်ခုခုတို့ကြောင့် မိမိစိတ်ကြိုက်ပြောဆို၍ မရဘဲ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောဆိုရခြင်း ဖြစ်သည်။ ပုံစံကျမှုအတိုင်းအတာကို ရွေးချယ်သည့်အခါ လူမှုအခြေအနေ အမျိုးမျိုး၊ လုပ်ငန်းအမျိုးအစား၊ အသက်အရွယ် အပိုင်းအခြားနှင့် အခြားသော ခြားနား

* နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

မှုများ စသည့်အကြောင်းရင်းခံများလိုသည်။ အလွတ်သဘောပြောဆိုခြင်းသည် ကန့်သတ်ချက်တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာပြောဆိုရခြင်းဖြစ်သည်။ လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းအကြားရှိ အပြန်အလှန် ဆက်စပ်မှုကို လေ့လာသောပညာဖြစ်သည်။ (စာ-၉)ဟု ဒေါက်တာအောင်မြင့်ဦး (၂၀၀၃) က လူမှုဘာသာဗေဒကို အဓိပ္ပာယ်ဖွင့်ဆိုပြထားသည်။ လူမှုဘာသာဗေဒသည် လူမှုအခြေအနေ (social situation) အမျိုးမျိုးတွင် ဘာသာစကားကို ကွဲပြားစွာ အသုံးပြုကြပုံကိုစိတ်ဝင်စားပါသည်။

## ၂။ ပြောစကားအမျိုးမျိုးနှင့် အခမ်းအနားမှူးပြောစကား

မြန်မာလူမျိုးတို့သည် စကားပြောဆိုရာတွင် အခြေအနေ၊ အချိန်အခါ၊ နေရာဒေသ၊ နောက်ခံအခြေ အနေများပေါ်မူတည်၍ မည်သူ့ကို မည်သည့်ပုံစံ၊ မည်သည့် အသုံးအနှုန်း၊ မည်သည့် လေယူလေသိမ်း (လေသံ) (acent) ဖြင့်ပြောဆိုရမည်ဟူသည့် နှုန်းစံသတ်မှတ်ချက်များဖြင့် အများဆုံး ပြောဆိုကြသည်။ မြန်မာတို့သည် လူမှုဆိုင်ရာအကြောင်းကိစ္စ အမျိုးမျိုးပေါ်မူတည်၍ အခမ်းအနား အမျိုးမျိုးကို ကျင်းပကြသည်။ အခမ်းအနားများကို ပုံစံတကျကျင်းပလျှင် အခမ်းအနားမှူးသည် မရှိမဖြစ်လိုအပ်ပါသည်။ ပြောစကားအမျိုးမျိုးမှ အခမ်းအနားမှူးပြောစကားကို လေ့လာသည့်အခါ မြန်မာတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံကိုပါ ထည့်သွင်းစဉ်းစား လေ့လာရပါမည်။ အခမ်းအနားပေါ် မူတည်၍ အခမ်းအနားမှူး ပြောဆိုရသည့် စကားများမှာလည်း ကွာခြားမှုရှိပါသည်။

ဒေါက်တာအောင်မြင့်ဦးက "မြန်မာဘာသာစကားရှိ လူမှုဘာသာဗေဒ ဆိုင်ရာနှုန်းစံ" စာတမ်းတွင် ပုံစံကျမှုအတိုင်းအတာသည် ရုပ်ပိုင်းဆိုင်ရာ နောက်ခံဝန်းကျင်၊ ပြောဆိုသည့် အကြောင်းအရာ၊ လူမှုဆက်ဆံရေးအခြေအနေ၊ စိတ်ပိုင်းဆိုင်ရာခံယူချက် သဘောထားတို့အပေါ် မူတည်၍ ကွဲပြားကြောင်းနှင့် ပုံစံကျမှုအတိုင်းအတာ (degree of formality) ကို ပုံစံကျမှုအများဆုံးအဆင့်၊ ပုံစံကျမှုကြားအဆင့်၊ ပုံစံကျမှုအနည်းဆုံးအဆင့်ဟူ၍ (၃) မျိုးခွဲခြားပြထားပါသည်။

"စုလျားရစ်ပတ် ဘိသိက်မင်္ဂလာအခမ်းအနား"မှ အခမ်းအနားမှူးပြောစကားနှင့် ပြောဆိုပုံကို လေ့လာရာတွင် လူမှုအခြေအနေ၊ လူမှုအဆင့်အတန်းနှင့် အခမ်းအနားအမျိုးအစားကိုလိုက်၍ အခမ်းအနားမှူး၏ ပြောစကားနှင့် ပြောဆိုပုံသည် ပုံစံကျမှုရှိမရှိ လေ့လာပါမည်။ ပုံစံကျမှုအတိုင်းအတာကို အခမ်းအနားမှူး၏ စကားအသုံးအနှုန်း၊ လေယူလေသိမ်း၊ ကိုယ်ဟန်အမူအရာ (gesture) နှင့် ဝတ်စားဆင်ယင်မှု အပေါ်မူတည်ကာ သတ်မှတ်လေ့လာပါမည်။

## ၂၊ ၁။ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာအခမ်းအနား၏ပုံစံကျမှုကိုအဆင့် သတ်မှတ်ခြင်း

အခမ်းအနားအမျိုးမျိုးအနက် အချို့သောအခမ်းအနားများသည် အမှားအယွင်း မခံသောကြောင့် အလွန်ပုံစံတကျဖြစ်အောင် ပြုလုပ်ရပါသည်။ နိုင်ငံတော် အကြီးအကဲများ တက်ရောက်သော ကမ္ဘာ့အဆင့်၊ အာဆီယံအဆင့်၊ နိုင်ငံတော်အဆင့်၊ ပြည်နယ် တိုင်းဒေသကြီးအဆင့်စသည့် အခမ်းအနားများ၊ မြန်မာ ဓလေ့ ထုံးတမ်းစဉ်လာအတိုင်းပြုလုပ်သော ထိမ်းမြားမင်္ဂလာအခမ်းအနား၊ ကင်ပွန်းတပ်မင်္ဂလာအခမ်းအနား၊ ရှင်ပြုနားသမင်္ဂလာအခမ်းအနားစသည့် အခမ်းအနားများသည် အမှားမယွင်းမခံသော အခမ်းအနားများဖြစ်သည်။ ထိုသို့သော အခမ်းအနားများကို ပုံစံကျမှု အများဆုံး အဆင့်တွင်ရှိသောအခမ်းအနားများဟု သတ်မှတ်နိုင်ပါသည်။ ပုံစံကျမှုအများဆုံးအဆင့်ဖြစ်သော အခမ်းအနားများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူသည် စကားအသုံးအနှုန်းမှစ၍ ကိုယ်ဟန်အမူအရာ၊ လေယူ လေသိမ်း၊ ဝတ်စားဆင်ယင်မှုအထိ အလွန်သတိထားရသည့်အတွက် အခမ်းအနားမှူးပြောစကားနှင့် ပြောဆိုပုံသည် ပုံစံကျမှုအများဆုံးအဆင့်တွင် ရှိရပါမည်။ ထို့ကြောင့် စုလျားရစ်ပတ်ဘိသိက်မင်္ဂလာအခမ်းအနားကို ပုံစံကျမှုအများဆုံးအဆင့်တွင်ရှိသော အခမ်းအနားအဖြစ်

သတ်မှတ်၍ ထိုအခမ်းအနားမှ အခမ်းအနားမှူး၏ ပြောစကားနှင့်ပြောဆိုပုံသည် ပုံစံကျမှု အများဆုံးအဆင့်တွင်ရှိမရှိကို လေ့လာ ဆန်းစစ်ပါမည်။

## ၃။ စုလျားရစ်ပတ်ဘိသိက်မင်္ဂလာအခမ်းအနားမှ အခမ်းအနားမှူး၏ ပြောစကား နှင့် ပြောဆိုပုံကို စိစစ်လေ့လာခြင်း

မြန်မာ့ဓလေ့ထုံးတမ်းတွင် ထိမ်းမြားခြင်း (၁၀) ပါးရှိကြောင်းကို သာယာဝတီ သခင်အောင်ချိန် (၂၀၁၄) က "ဘိသိက်မင်္ဂလာကျမ်း" တွင်

> ထိမ်းမြားခြင်းဆယ်ပါးဟူသည်ကား ပုဆိုးတန်းတင်ထိမ်းမြားခြင်း၊ လက်ဆုံစား၍ ထိမ်းမြားခြင်း၊ လက်စွပ်လဲ၍ ထိမ်းမြားခြင်း၊ အဝတ်လဲ၍ ထိမ်းမြားခြင်း၊ လက်ထပ်၍ ထိမ်းမြားခြင်း၊ ဒါလီဖွဲ့၍ထိမ်းမြားခြင်း၊ စုလျားပတ်၍ ထိမ်းမြားခြင်း၊ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊ ရေခွက်၌လက်ချ၍ ထိမ်းမြားခြင်း၊ ဦးထိပ်၌ ရေစက်သွန်ချ၍ ထိမ်းမြားခြင်းဟူ၍ ဆယ်ပါး ဖြစ်ပါကြောင်း (စာ၅၃-၅၄)

ဟု ဖော်ပြထားသည်။ ထိမ်းမြားခြင်းဆယ်မျိုးအနက် တစ်မျိုးတည်းကို ဖြစ်စေ၊ တစ်မျိုးထက်မကဖြစ်စေ အိမ်နီးချင်း၊ ရပ်ဆွေရပ်မျိုးများနှင့် အသိမိတ်ဆွေများကို အသိပေးပြီး ဆောင်ရွက်ပါက တရားဝင် ထိမ်းမြားခြင်း ဖြစ်မြောက်ပါသည်။

မင်္ဂလာဧည့်ခံပွဲကို အစမှအဆုံးတိုင် အစီအစဉ်ကျနစွာ ကျင်းပလိုလျှင် အခမ်းအနားမှူးကို ငှားရမ်းကြပါသည်။ အခမ်းအနားမှူးသည် မင်္ဂလာပွဲအနေ အထားပေါ်မူတည်၍ ပုံစံတကျ ပြောဆိုမှုမှာ အနည်းအများ ကွာခြားနိုင်ပါသည်။ သို့သော် စုလျားရစ်ပတ်ဘိသိက်မင်္ဂလာပွဲသည် အမှားအယွင်း မခံသော အခမ်းအနားဖြစ်သည့်အတွက် အခမ်းအနားမှူးသည် ပုံစံကျမှုအများဆုံး အဆင့်ဖြင့် ပြောဆို ရပါမည်။ စုလျားရစ်ပတ်ဘိသိက် မင်္ဂလာပွဲများအနက် ရန်ကုန်မြို့ရှိ နိုဗိုတယ်မက်စ် (Novotel Max) ဟိုတယ် (၂၂၊ ၃၊ ၂၀၂၀) တွင် ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ဘိသိက်မင်္ဂလာပွဲမှ အခမ်းအနားမှူး ပြောစကားနှင့်ပြောဆိုပုံကို ကောက်နုတ်တင်ပြပါမည်။

မင်္ဂလာဧည့်ခံပွဲတွင်ရှိနေသည့် လူမှုအဖွဲ့အစည်းသည် လူမှုအလွှာစုံမှ ဖြစ်ပါသည်။ သို့သော် အခမ်းအနားကျင်းပသည့်နေရာသည် ခမ်းနားသည့်နေရာဖြစ်ပြီး မင်္ဂလာယူနေသော အချိန်အခါလည်း ဖြစ်ပါသည်။ ထိုသို့သော လူမှုအခြေအနေကြောင့် အခမ်းအနားမှူးသည် ခမ်းနားထည်ဝါသော စကားလုံးများသုံးကာ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ပြောဆိုရပါသည်။ မင်္ဂလာပွဲစတင်သည့်အခါ အခမ်းအနားမှူးသည် မင်္ဂလာစင်မြင့်ပေါ်မှနေ၍

> "လေးစားဂါရဝပြုအပ်ပါသော မိတ္တကလျာဏနှစ်ဖြာသော မင်းပရိသတ်အပေါင်းတို့ ခင်ဗျာ။ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံလျက် ကိုယ်စိတ်နှစ်ဖြာ လိုက္ခဏာ တို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဒီကနေ့ စုလျားရစ်ပတ် ဘိသိက်မင်္ဂလာပွဲကြီး၏ ဂုဏ်ဒြပ်ဖြစ်သော မင်္ဂလာမင်းပရိသတ်ကြီးကို ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ် ပါတယ်ခင်ဗျာ။"

ဟု ဧည့်ခံစကားပြောကြားပါသည်။ အခမ်းအနားမှူးသည် သတို့သားနှင့် သတို့သမီးကို မင်္ဂလာစင်မြင့် ပေါ်သို့ ဖိတ်ခေါ်ရာတွင်

> "မင်္ဂလာမင်းပရိသတ်တို့ ဒီကနေ့သည် မြန်မာဝေါဟာ ကောဇာ သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၂၀၂၀၊ မတ်လ ၂၂ရက်၊ ကောင်းမြတ်သောအချိန်အခါသမယ ဖြစ်ပါတယ်။ သုနက္ခတ္တံ၊ သုမင်္ဂလံ၊ သုပ္ပဘာသံ သုဟုဋ္ဌိတံ၊ သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု ဆိုသည့်အတိုင်း

> နက္ခတ်မှာကောင်း၊ ရက်မြတ်ကောင်းနှင့် ချိန်ကောင်းခါမြတ် ကြုံအပ်သည့်အခါတော် နရီ သင့်မြတ်ချိန်ဝယ် မင်္ဂလာသတို့ သား..........နှင့် မင်္ဂလာသတို့သမီး.......... တို့ကို နှစ်ဖက်သော မိဘများရှေ့မှောက်မှာ အပ်နှံပွဲထုတ်ရန် အချိန်အခါနရီတော် သင့်ပြီမို့ ဇေယျာတုအောင်သံချီရင်း နိုင်ငံကျော် အဆိုတော် ဒေါ်..........က နတ်ရှင်စောင်းတော် လက်သံများဖြင့် မင်္ဂလာအခါတော် ပေးတော်မူပါခင်ဗျာ။”

ဟု ပုံစံတကျ ဖိတ်ခေါ်သည်ကိုတွေ့ရပါသည်။ ထိုအခါ သတို့သားနှင့် သတို့သမီး တို့သည် အခါတော်ပေးတေးသံနှင့်အတူ မင်္ဂလာစင်မြင့်ပေါ်သို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာမည်ဖြစ်ပါသည်။ သတို့သားနှင့် သတို့သမီးတို့ မင်္ဂလာ စင်မြင့် ထက်သို့ ရောက်ရှိလာ သောအခါ အခမ်းအနားမှူးက

> “ကောင်းမြတ်ချမ်းသာ မင်္ဂလာအခါ၌ နှစ်ဖြာမိဘ နှစ်ဝညာ တကာ မေတ္တာ ရှေ့ထား၍ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်မိဘမိတ်သင်္ဂဟကြီးများစုံညီဖြစ်ပါ၍ ဤမင်္ဂလာ အခမ်းအနားကို မင်္ဂလာပူဇဝန္တကထာဖြင့် ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ။ မာတာပီတု ဂုရုသတ္တာ၊ ဓမ္မ ဒေသကာစ ဒါယကာ။ ဣမေ တောစ မဟာ ဂုဏော၊ မယံဝန္တာမိ သဗ္ဗဒါ။ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီး တို့က ဆယ်ဖြာသောလက်အစုံ ခက်ရုံအုပ်မိုးလျက် ရှိခိုးကန်တော့ ဂါရဝပြုပြီး မင်္ဂလာဖုန် ကတ္တီပါမှာ စုံညီစွာ ထိုင်နိုင်ကြပါပြီခင်ဗျာ။”

ဟုဆိုသောအခါမှ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးတို့သည် နေရာယူရပါသည်။ အခမ်းအနားမှူး သည် ဖိတ်စာဖတ်ခြင်းကို ဆောင်ရွက်ပြီးနောက်

> “ယခုမင်္ဂလာအမှုပြုသူများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်သည့်အားလျော်စွာ မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ မင်္ဂလာပဏ္ဏာမခန်းအနေဖြင့် အနန္တောအနန္တ ငါးပါးကို ဦးထိပ်ပန်ဆင်ကာ အောင်မင်္ဂလာပန်းစည်းများဖြင့် ကန်တော့ပန်းဆင်မှာ ဖြစ်ပါတယ်။”

ဟု အနန္တောအနန္တငါးပါးကို ဦးသုံးကြိမ်စီချစေကာ ရှိခိုးကန်တော့စေပါသည်။ ဘုရားရှင်၏မေတ္တာပရိတ် အရိပ်တော်အောက်တွင် ကျင်းပပြုလုပ်သော ဘိသိက်မင်္ဂလာအခမ်းအနား ဖြစ်သည့်အတွက် အနန္တော အနန္တငါးပါးကို ကန်တော့ခြင်းသည် အမှားအယွင်းမရှိ ဆောင်ရွက်ရသောကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် အနန္တောအနန္တငါးပါးကို ကန်တော့ခြင်း၊ အခမ်းအနားမှူးကဆုပေးခြင်းတို့ကို ပုံစံ တကျ ပြုလုပ်ပါသည်။ ဆက်လက်ပြီး အခမ်းအနားမှူးသည် ထိမ်းမြားလက်ထပ် ပေးမည့် မင်္ဂလာသဘင် နာယကကြီး များကို ဖိတ်ခေါ်ရာတွင်

> “ယခုအချိန်အခါသည်ကား ဩဒါပတ္တကိနီအဘိသေကသဘင် ဆင်ယင်ကျင်းပရန် ကောင်းမြတ်တဲ့ အချိန်အခါကျရောက်ပြီ ဖြစ်ပါတယ်။ ဤမင်္ဂလာအခမ်းအနာကြီးမှာ မင်္ဂလာသင်္ဂဟ၊ သဘင်နာယကကြီးများအဖြစ် ထိမ်းမြားလက်ထပ်ပေးကြမယ့် ဦး.........နှင့် ဒေါ်.........တို့ကို မင်္ဂလာနေရာမွန်သို့ ကြွရောက်ပါရန် လေးမြတ်စွာ ပန်ကြား ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ။”

ဟု ဖိတ်ခေါ်စကားကိုပုံစံတကျဆိုပါသည်။ ဖိတ်ခေါ်ပြီးနောက် စုလျားရစ်ပတ် ထိမ်းမြားခြင်းပြုပေး ပါရန် မင်္ဂလာသဘင်နာယကကြီး ဇနီးမောင်နှံတို့အား အခမ်းအနားမှူးက –

> “ဆက်လက်ပြီး စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာ ဘိသေကသဘင်ဆင်ယင် ကျင်းပမှာဖြစ်ပါတယ်။ ထိမ်းမြားလက်ထပ်ခြင်း ဘိသိက်တော်(၁၀)ပါး ရှိသည့်အနက် အတင့်တယ်ဆုံး၊ အမြတ်ဆုံး၊ ပညာရှိသူတော်ကောင်းတို့ အနှစ်သက်ဆုံး ဩဒါ

ပဋ္ဌာကိနီ အဘိသေကသဘင် ဆင်ယင်တော်မူမှာ ဖြစ်တဲ့အတွက် ရေထည့်ထားသော ငွေဖလားအတွင်း ပုဝါပါးဖြင့် စုလျားရစ်ပတ်ထိမ်းမြားခြင်း ပြုမှာဖြစ်ပါတယ်။ မင်္ဂလာ သဘင် နာယကကြီးဇနီး မောင်နှံတို့က သန့်ရှင်းစင်ကြယ်သောမေတ္တာ မြဲခိုင်စေလို သောစေတနာဖြင့် သားနှင့်သမီးကို ပုဝါပါးဖြင့် လက်ယာရစ်ပြီး စုလျားရစ်ပတ် လက်ထပ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျာ။"

ဟုပန်ကြားရင်း စုလျားရစ်ပတ်ခြင်း၏ ကောင်းကျိုးများအကြောင်းကိုပါ ထည့် သွင်းပြောကြားသွားပါ သည်။ ဆက်လက်ပြီး အခမ်းအနားမှူးက

"မင်္ဂလာသဘင်နာယကကြီးဇနီးမောင်နှံကအောင်အတိတ်နှင့်အောင်နိမိတ်ကောင်းအောင် ဘိသိက်တော်ရေ လောင်းတော်မူ လိုက်ပါခင်ဗျာ။ နိုင်ငံကျော်အဆိုတော် ဒေါ်.........က ကောင်းချီး သင်္ခါတေးမဟာဖြင့်သိဒ္ဓိမင်္ဂလာပေးတော်မူပါခင်ဗျာ။"

ဟု ဆိုပါသည်။ မင်္ဂလာဩဘာဘွဲ့နှင့် ဆိုင်ရာကန်တော့ချီးများကို အချိန်ကိုက် သီဆိုကြူးရင့်ခြင်းဖြင့် မင်္ဂလာပွဲကြီး၏ ခံ့ညားမှု၊ ကျက်သရေရှိမှုနှင့် ပြည့်စုံကုံလုံစေမှုတို့ကို ရရှိမည်ဖြစ်ပါသည်။ ထိုသို့ တေးသီချင်းကို သီဆိုပေးရန် အခမ်းအနားမှူးက ပြောပေးရပါသည်။

ဘိသိက်ခြင်းဆိုသည်မှာ သတို့သားသတို့သမီးတို့၏ ဦးခေါင်းထက်၌ အဘိသေက ရေစင်တော် ကို သွန်းလောင်းကာ စာသွင်းရွတ်ဖတ် ဆုတောင်း မင်္ဂလာပြုခြင်း ဖြစ်ပါသည်။ ထို့ကြောင့်အခမ်းအနား မှူးသည် စိန္တာမဏိဂါထာ နှင့် စိန္တာမဏိမန္တာန်တော်ကို ရွတ်ဖတ်ခြင်း၊ "ဩောင်းဇေယျတုသဗ္ဗ မင်္ဂလံ" ဟု သုံးကြိမ်ရွတ်ဆို၍ မင်္ဂလာသတို့သားနှင့် မင်္ဂလာသတို့သမီးတို့ကို သပြေခက် နှင့် ရေသွန်းလောင်း ပေးကာ နတ်မြတ်နတ်ကောင်းနတ်အပေါင်းအား သတို့သားနှင့် သတို့သမီးတို့ကို စောင့်ရှောက်ပေးရန် ဆုတောင်းစကားဆိုခြင်းကို ဆောင်ရွက်ပါသည်။ ဆက်လက်၍

"ကောင်းမြတ်ချမ်းသာ မင်္ဂလာအခါသမယ၌ နှစ်ဖက်သော မင်္ဂလာမင်းပရိသတ်တို့၏ စုံညီစွာချီးမြှင့်ခြင်းကို ခံယူကြလျက် စုလျားရစ်ပတ်ရေသွန်း လက်ထပ်မင်္ဂလာသဘင် ဆင်ယင်ကြပြီး ပါရမီဖက်အရာမြောက်ကြပြီဖြစ်သော မင်္ဂလာမောင်နှံတို့သည် နကုလ မောင်နှံပမာပြုလျက်ယခုဘဝမှသည် သံသရာတစ်ဖက်လမ်း နိဗ္ဗာန်စခန်းသို့ တူပြိုင်လေ ကူးကာ လှမ်းတက်နိုင်ကြပါစေသော်။ အောင်မြင်ပါပြီ. . . . . အောင်မြင်ပါပြီ. . . . . အောင်မြင်ပါပြီခင်ဗျာ။ မင်္ဂလာ သဘင်နာယကကြီးများ မိမိတို့၏ မူလနေရာမွန်သို့ ပြန်လည်ကြွရောက်နိုင်ပြီ ဖြစ်ပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျာ။"

ဟု စုလျားရစ်ပတ်ဘိသိက်မင်္ဂလာပွဲကြီး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါသည်။ စုလျား ရစ်ပတ်ပြီးသည့်အခါ မင်္ဂလာပန်းကုံးချီးမြှင့်ခြင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ခြင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ကူညီပေးကြသူများကို ကျေးဇူးတင်စကားပြောကြားခြင်း၊ အခမ်းအနား အပိတ်စကား ပြောခြင်းတို့ကို ပုံစံတကျ ဆက်လက်ပြောဆို ဆောင်ရွက်ပါသည်။

ဤအခမ်းအနားမှ အခမ်းအနားမှူး၏ စကားအသုံးအနှုန်းများကိုကြည့်လျှင် မြတ်စွာ ဘုရားရှင်၏ ပရိတ်၊ မေတ္တာ၊ ဂါထာ၊ မန္တာန်များကို ရွတ်ဖတ် သုံးနှုန်းသွားသည်ကို တွေ့ရပါသည်။ စာဟန်ခံ့ညားစေရန်၊ ရွတ်ဆိုရလွယ်ကူစေရန်နှင့် နားထောင်သူတို့ နားဝင်ပီယံဖြစ်စေရန် ကာရန် လေးများချိတ်ကာ ပြောဆိုသွားသည်ကို တွေ့ရပါသည်။ ဘိသိက်မင်္ဂလာဟူသည် လောကီလော ကုတ္တရာ အထွတ်အထိပ်သော အောင်မြင်ခြင်းအဖြာဖြာကို ရရှိကြစေရန် သိဒ္ဓိတင်ချီးမြှင့်ရသော ဆောင်ရွက်ချက်ဖြစ်ရာ အခမ်းအနားမှူးက ဘိသိက်မြောက်ပေးရာတွင် အမှားမှား အယွင်းယွင်းဖြစ်လျှင် သတို့သားနှင့် သတို့သမီးသည် အပြစ် ၈ပါးနှင့် ဒဏ် ၁၀ပါးကို ခံရသည်ဟု ဘိသိက်မင်္ဂလာကျမ်း

တွင် ပြဆိုထားပါသည်။ ထို့ကြောင့် အခမ်းအနားမှူးသည် စကားပြောဆိုရာတွင် အမှားအယွင်း မရှိစေဘဲ သူ့နေရာနှင့်သူ တိတိကျကျ ပြောရမည်ဖြစ်သည့်အတွက် အခမ်းအနားမှူး ပြောသည့်စကားသည် ပုံစံကျမှု အတိုင်းအတာ အများဆုံးအဆင့်တွင် ရှိပါသည်။

အခမ်းအနားမှူး၏ လေယူလေသိမ်းမှာလည်း တိကျမှန်ကန်ရန် အရေးကြီးပါသည်။ အခမ်းအနားမှူးသည် ဘုရားပင့်ခြင်း၊ ဩဘာစာရွတ်ခြင်း၊ အနန္တောအနန္တငါးပါးကို ကန်တော့ခြင်း၊ ဆုတောင်းပေးခြင်း၊ မာဂဓစကား၊ သက္ကတစကားတို့ဖြင့် အောင်မြင်ကြောင်း ကြွေးကြော်ခြင်း စသည်တို့ကို ဆောင်ရွက်ရသည့်အတွက် ဌာန်၊ ကရိုဏ်း ကျနပြတ်သားစွာ သံလုံးသံထည် ခံ့ခံ့ညားညား ထားပြီးလျှင် သံညင်း၊ သံတင်း၊ သံပြင်း၊ သံပြင်းလျော့ စသည့်အသံများကို ပီပီသသ နှင့် ရွတ်ဆိုရပါသည်။ ဤအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူမှာလည်း ဖော်ပြပါ အတိုင်း ရွတ်ဆိုသွားသည်ကို တွေ့ရပါသည်။

အခမ်းအနားမှူး၏ ကိုယ်ဟန်အမူအရာကိုကြည့်လျှင် မင်္ဂလာအစီအစဉ် များကိုဆောင်ရွက်နေစဉ် ကိုယ်ဟန်အနေအထားကို မတ်မတ်ထားကာ မတ်တပ်ရပ်ပုံကိုတွေ့ရသည်။ထို့ပြင် စာရွက်ကြည့်၍ ရွတ်ဖတ်ခြင်းမဟုတ်ဘဲ လက်တန်းရွတ်ဆိုသွားသည်ကိုတွေ့ရပါသည်။ လက်တန်းရွတ်ဆိုသည့်အခါ လက်နှစ်ဖက်ကို ရှေ့တွင်ယှက်ထားသည်ကို တွေ့ရပါသည်။ မင်္ဂလာပွဲအစမှအဆုံးတိုင် အခမ်းအနားနှင့် မဆီလျော်သော ကိုယ်ဟန်အမူအရာမျိုးကို မတွေ့ရပါ။

အခမ်းအနားမှူး၏ ဝတ်စားဆင်ယင်မှုကို ကြည့်လျှင် တောင်ရှည်ပုဆိုး၊ ရင်ဖုံးတိုက်ပုံအင်္ကျီ၊ ကျောက်စီထားသောစလွယ်၊ မြန်မာခေါင်းပေါင်း စသည်တို့ကို ဝတ်ဆင်ထားသည့်အတွက် စုလျားရစ်ပတ်ဘိသိက်မင်္ဂလာ အခမ်းအနား နှင့် ဆီလျော်သော ဝတ်စားဆင်ယင်မှုမျိုးဖြစ်ပါသည်။

စုလျားရစ်ပတ်ဘိသိက် မင်္ဂလာအခမ်းအနားသည် ပုံစံတကျ ပြုလုပ်ရသော၊ အမှားအယွင်း မခံသော အခမ်းအနား ဖြစ်ပါသည်။ ဤမင်္ဂလာ ပွဲအစအဆုံး ပြီးမြောက်အောင် မြင်အောင် ဆောင်ရွက် ပေးရသော အခမ်းအနားမှူးသည် စကားအသုံးအနှုန်းမှစ၍ လေယူလေသိမ်း၊ ကိုယ်ဟန်အမူအရာ၊ ဝတ်စား ဆင်ယင်မှု အထိအလွန် ပုံစံတကျဖြစ်အောင် ဆောင်ရွက်သွားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဤအခမ်းအနားမှ အခမ်းအနားမှူး၏ ပြောစကားနှင့် ပြောဆိုပုံသည် ပုံစံကျမှုအများဆုံး အဆင့်တွင် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

အခမ်းအနားတစ်ခုတွင် အခမ်းအနားမှူး၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါသည်။ အခမ်းအနားမှူးသည် မိမိတာဝန်ယူထားသော အခမ်းအနားနှင့် လိုက်ဖက်သော ပုံစံကျမှုအတိုင်း အတာကို ရွေးချယ်မပြောဆိုနိုင်လျှင် အခမ်းအနား၏ ပုံရိပ်ကိုကျဆင်းစေသည့် ထိခိုက်မှုမျိုး၊ အခမ်းအနား၏ အနှစ်သာရကို ပျက်ပြားစေသော ထိခိုက်မှုမျိုးအပြင် အခမ်းအနားကို တက်ရောက်လာသည့် လူပုဂ္ဂိုလ်များ၏ ဂုဏ်အဆင့်အတန်းကိုပါ ထိခိုက်မှု ရှိနိုင်ပါသည်။

ဤအခမ်းအနားတွင် အခမ်းအနားမှူးသည် ဝါကျဖွဲ့ထုံး စည်းကမ်းနှင့် အညီ ကြိုတင်ရေးထားသည့်အတိုင်း ကြိုတင်ကျက်မှတ်ထားခြင်း ဖြစ်ကြောင်း တွေ့ရပါသည်။ ကြိုတင်စီစဉ်ထားသောစကား (planned speech) ဖြစ်သည့်အတွက် စကားပိုစကားထပ်များ၊ မပြေပြစ်မှုများကို များများစားစား မတွေ့ရခြင်း ဖြစ်သည်။ အမှားအယွင်းမခံသော အခမ်းအနားဖြစ်သည့်အတွက် အခမ်းအနားမှူးသည် လေးနက်တည်ကြည်သော အခြေအနေနှင့် လိုက်ဖက်အောင် အရေးဟန်တွင်သုံးသော စာသုံးစကားများ၏ ခံ့ညားမှု၊ လေးနက်မှုကိုအားပြုပြီး အလွန်ပုံစံတကျ ပြောဆိုခြင်းအပြင် လေယူလေသိမ်း၊ ကိုယ်ဟန်အမူအရာနှင့် ဝတ်စားဆင်ယင်မှုမှာလည်း အခမ်းအနားနှင့် အံဝင်ခွင်ကျဖြစ်သည်ကို တွေ့ရသည့်

အတွက် အခမ်းအနားမှူး ပြောစကားနှင့်ပြောဆိုပုံသည် ပုံစံကျမှုအများဆုံးအဆင့်တွင် ရှိသည်ကို တွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် စုလျားရစ်ပတ်ဘိသိက်မင်္ဂလာအခမ်းအနားမှ အခမ်းအနားမှူး၏ ပြောစကားနှင့်ပြောဆိုပုံကို လူမှုဘာသာဗေဒပညာရပ်ဖြင့် လေ့လာထားသောစာတမ်းဖြစ်သည်။ အခမ်းအနားမှူးသည် မည်သည့်အချိန်တွင် မည်သို့ပြောဆိုရမည်ကို ဥပဒေပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ လူမှုရေးရာက ပြဋ္ဌာန်းထားခြင်းသာဖြစ်သည်။ ဤစာတမ်းသည် လူမှုဘာသာဗေဒကိုလေ့လာသူများနှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်လိုသူများအတွက် တစ်စုံတစ်ရာသော အကျိုးကိုဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်မျှော်လင့်မိ ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃) ။ မြန်မာစာကိုယ်ခံတည်ဆောက်ရေး ။ ရန်ကုန်၊ သင်းစာပေ။

အောင်ချိန်၊သခင်(သာယာဝတီ–) ။ (၂၀၁၄) ။ ဆရာဖြစ်သင်ဘိသိက်မင်္ဂလာကျမ်း ။ရန်ကုန်၊ ရန်အောင်စာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅) ။ ဘာသာစကားသုတ ။ရန်ကုန်၊ ရူပစာအုပ်တိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။ (၂၀၁၃) ။ လူမှုဘာသာဗေဒမိတ်ဆက် ။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

အောင်မြင့်ဦး၊ဒေါက်တာ။ (၂၀၁၅)။လူမှုဘာသာဗေဒသဘောတရား။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀) ။ ဘာသာစကားသုတေသန။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။